# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ကြံခင်းမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

မြေနီကုန်းကျေးရွာ၊ မဲကုန်းကျေးရွာအုပ်စု

၂၀၁၈ခုနှစ် ကြံခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှျင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
ရေလယ်ကျွန်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် မဲကုန်းကျေးရွာအုပ်စုပြမြေပုံ




မဲကုန်းကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

မဲကုန်းကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. မဲကုန်းကျေးရွာ

၂. ညောင်ခြေထောက် ကျေးရွာ

၃.အုတ်ပုံ(အထက်) ကျေးရွာ

၄. အုတ်ပုံ(အောက်) ကျေးရွာ

**၅. မြေနီကုန်း ကျေးရွာ**

မဲကုန်း ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း( ၅ )ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာ အခြေခံအချက်အလက်များ

မြေနီကုန်းကျေးရွာသည် ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ မဲကုန်းကျေးရွာအုပ်စုတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ကြံခင်းမြို့ နှင့် (8) မိုင်ခန့် ကွာဝေးသည်။ ထိုကျေးရွာလေးသည် မြို့နှင့် အလှမ်းကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပြင် ဖွံ့ ဖြိုးမှု နောက်ကျသော ကျေးရွာလေး ဖြစ်သည်။ မြေနီကုန်းကျေးရွာတွင် အိမ်ထောင်စု (၅၈) ရှိပြီး အမျိုးသား ( ၇၄ ) ဦးနှင့် အမျိုးသမီး ( ၈၈ ) ဦး စုစုပေါင်း ( ၁၆၁ ) ဦး နေထိုင်လျှက် ရှိသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်ကြ၍ အများစုမှာ လယ်ယာလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး အနည်းစုမှာ လက်လုပ်လက်စားများသာ ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ ကြိုးပမ်းရပေအုန်းမည်။

ကျေးရွာတွင် အခြေခံပညာ မူလွန်ကျောင်းပင်မရှိပါ။ အထက်တန်းကျောင်းအနေဖြင့် ကျေးရွာနှင့် ၅ မိုင်ခန့်ကွာဝေးသော ဆိပ်သာကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ယူကြရပါသည်။ ကျေးရွာလေးမှာ စီးပွားရေးအနေဖြင့် နွမ်းပါးသော ကျေးရွာလေးဖြစ်သည့်အတွက် စားဝတ်နေရေးကိုသာ ဦးစားပေးဆောင်ရွက်နေရသောကြောင့် ပညာတတ်မြောက်မှု အားနည်းကြပါသည်။

လမ်းပန်းဆက်သွယ်ရေးမှာ မိုးတွင်းကာလတွင် သွားလာရ အလွန်ခက်ခဲသည့်အပြင် သောက်သုံးရေလည်း အလွန်ရှားပါးသည်။


၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 20-9-2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 5 | 6 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 20-9-2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 20-9-2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 5 | 4 | 9 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 20-9-2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 6 | 6 | 12 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 20-9-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 20-9-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 6 | 6 | 12 | -အရင်းမြစ်များပေါ် တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | 20-9-2017 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 35 | 46 | 81 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 20-9-2017 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 35 | 46 | 81 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | 20-9-2017 | ကော်မတီဂင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | 35 | 46 | 81 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

ဒေသတွင်းသဘာဝအရင်းအမြစ်များ

-ကျေးရွာတွင် တောင်ယာနှင့် လယ်ယာလုပ်ငန်းခွင်များမှာ ကျေးရွာပတ်လည်တွင် တည်ရှိပါသည်။

လူမှုအဆောက်အဦးများ

- ထိုကျေးရွာလေးတွင် ဘုန်းတော်ကြီးကျောင်း၊ စေတီပုထိုးများနှင့် မူလွန်ကျောင်းတို့ ရှိပါသည်။
-

ပညာရေး ကျန်းမာရေး စီးပွားရေး

- ပညာရေးလက်လှမ်းမှီမှု အားကောင်းသည်ဟု မဆိုသော်လည်း အသင့်အတင့် လက်လှမ်းမှီမှု ရှိပါသည်။

- ကျန်းမာရေးအနေဖြင့် ဆိပ်သာတိုက်နယ်ဆေးရုံကြီးတွင် သွားရောက်ဆေးကုသမှု ခံယူကြရပါသည်.

- စီးပွားရေးအနေဖြင့် တောင်ယာ၊ လယ်၊ အရောင်းအဝယ်၊ မွေးမြူရေး၊ ကျပန်း စသည်တို့ကို ဆောင်ရွက်ကြပါသည်။


ပါဝင်ဆွေးနွေးသူ

ကျား(၅၀)ဦး ၊ မ(၆၅) ဦး

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

## တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ခ)<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟု သတ်မှတ်သည်။

အဆင့်အလိုက် အခြေခံစံနှုန်းများ သတ်မှတ်နိုင်ရေး

ရွာသူ/ရွာသားများသည် ၎င်းတို့ကျေးရွာ၏ နေထိုင်မှုအခြေအနေပေါ်မူတည်ပြီး သတ်မှတ်ရာတွင် အဆင့်(က) တွင် သွပ်မိုး၊ ပျဉ်ထောင်၊ ဆိုင်ကယ်၊ ဖုန်း၊ TV (အပေါ်အောက်)၊ လယ်၊ ကိုင်း၊ ဆန်စက်၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း ရှိသူများကို သတ်မှတ်ပါသည်။ (ခ)အဆင့်တွင် ပျဉ်ထောင်၊ သက်ကယ်မိုး၊ အိမ်၊ လယ်၊ ကိုင်း၊ TV၊ ဆိုင်ကယ်၊ ဖုန်း၊ ကုန်သည်၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများကို သတ်မှတ်ပါသည်။ (ဂ) အဆင့်တွင် သက်ကယ်မိုး၊ သစ်သားအိမ်၊ ဆိုင်ကယ်၊ ကုန်စုံဆိုင်သေး၊ လက်လုပ်လက်စားများသော အိမ်ထောင်စုများကို သတ်မှတ်ပါသည်။ အဆင့်(ဃ)တွင် ဝါးအိမ်၊ သက်ငယ်မိုး၊ စက်ဘီး၊ ရေဒီယို စသော ဥစ္စာပစ္စည်းအနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများကို သတ်မှတ်ပါသည်။


ပါဝင်ရေးဆွဲသူ

ကျား (၅၀) ဦး

မ (၆၅) ဦး

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဂ)ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဂါးခုတ်၊  ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- မိုးရာသီတွင် ရေဖူလုံသော်လည်း နွေလများတွင် ရေရှားပါး။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီးဝင်ငွေမတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့် ကျားမရေးရာသိမြင်ခံစားလာအောင် ဆွေးနွေး (အိမ်မှုကိစ္စဝိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဃ) ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်


## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဂင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီးအမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာအိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဂင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့်အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (င) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ် အသုံးပြုမှုပုံ

# ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ ဈေးဆိုင် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊  ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသား များ နှင့် တန်းတူပြုလုပ်နိုင်ကြောင်း နှင့် တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>




**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအညွှန်း**

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။

လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေး တို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။


လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာ အသင်း စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ စသည်တို့ သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## (ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။



## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

### အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ နည်းပညာအားနည်းခြင်း၊ ကျန်းမာရေးတွက် အခက်အခဲရှိခြင်း၊ မြေနေရာရှားပါးသော အခက်အခဲ၊ သောက်သုံးရေရှားပါးခြင်း၊ လျှပ်စစ်မီးရရှိရန် မြို့နှင့်အလှမ်းဝေးခြင်း စသည်တို့ကို အမျိုးသားများဘက်မှ တင်ပြဆွေးနွေးကြသည်။

### အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ


လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ပညာရေးအားနည်းခြင်း၊ မြို့နှင့်အလှမ်းဝေးသောကြောင့် လျှပ်စစ်မီး ရရှိရန်ခက်ခဲခြင်း၊ ကျန်းမာရေးအားနည်းခြင်းအခက်အခဲ၊ မြေနေရာရှားပါးခြင်းအခက်အခဲ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေအခက်အခဲ စသည်တို့ကို အမျိုးသမီးများဘက်မှ တင်ပြဆွေးနွေးကြသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့် တူညီနေကြသည်။ အမျိုးသမီးများသည် ၄င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။ အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၄င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၈)<u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>




ကျေးရွာမျှော်မှန်းချက်များ

## ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

**အမျိုးသားများ၏မျှော်မှန်းချက်များ**

- လျှပ်စစ်မီး လင်းနိုင်ရေး။
- သောက်သုံးရေဖူလုံမှုရှိရန်။
- ရွာချင်းဆက်လမ်းများကောင်းမွန်ရေး။
- ဆေးပေးခန်းဆောက်လုပ်နိုင်ရေး။
- ရွာတွင် မူလွန်ကျောင်းရှိရန်။
- တစ်ရွာလုံး လျှပ်စစ်မီးလင်းရေး။


**အမျိုးသမီးများ၏ မျှော်မှန်းချက်များ**

- လျှပ်စစ်မီး လင်းနိုင်ရေး။
- အိမ်တိုင်ရာရောက် ရေရရှိရေး။
- ရွာတွင် အလယ်တန်းကျောင်းရှိရမည်။
- ရွာတွင် မီးသတ်ကား၊မီးသတ်ရေကန် ရှိရမည်။
- မူလတန်းကျောင်းရှိရမည်။
- ရွာတွင်းလမ်းများ ကွန်ကရစ်လမ်း ဖြစ်ရမည်။


အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်းမှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူ ညီသော အိမ်တွင်းမှုနှင့် ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုးသမီးများက မျှော်မှန်းထားကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ



(ဈ)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

မဲကုန်းကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာချင်းဆက်ချောင်းကျောက်လမ်း လုပ်ငန်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး ရွာတွင်းချောင်းကျောက်လမ်း လုပ်ငန်းအား ဦးစားပေး(၂)အဖြစ် လည်းကောင်း၊ တတိယ မဲအများဆုံး ဆိုလာမီး လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများ



# ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ စာရင်း

ကော်မတီဝင်များစာရင်း

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ။ မဲကျွန်း ကျေးရွာ ။ ရေမြှုပ်ကျွန်း

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ဦး သန့်ဇင် | 09-779261447 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ချိုချိုလွင် | 09-36631685 | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ယဉ်ယဉ်နု | 09-260060244 | |
| ၄ | | အဖွဲ့ဝင် | ဦး သိန်းဇော်အောင် | 09-783616046 | |
| ၅ | | အဖွဲ့ဝင် | ဦး တင်ထွန်းနိုင် | [illegible] | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကိုကို | 09-787984433 | |
| ၇ | | အဖွဲ့ဝင် | ဒေါ်အေးအေးမော် | 09-787836479 | |
| ၈ | | အဖွဲ့ဝင် | ဒေါ်လွင်လွင်နိုင် | 09-260718660 | |
| ၉ | လည်ပါတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်သိန်းနိုင် | — | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ခင်အေးမာ | — | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ဝင်းစန္ဒာ | 09-261632309 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦး ကျော်မြင့် | — | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦး မြင့်ဦး | 09-779279138 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်စိန်ငွေ | — | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦး ရဲလင်းကျော် | 09-799837662 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်စန္ဒာလွင် | — | |

# ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| | | |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု - ၆ ကျွန်း | ကျေးရွာ - ဖြူနီကျွန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၅၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၅၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၂ | ဗုဒ္ဓ | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၃+ မ - ၄ | ဗုဒ္ဓ | ၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၄ | ၈၈ |
| လူမျိုးစု (၁)---ဗမာ--- | ၇၄ | ၈၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၈ | ၈ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အ..ယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း [မြေသားလမ်း] လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? [ရှိပါသည်]/[မရှိပါ]/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ ✓

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----------၂၀ မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World vision

(၂) ----------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦး[illegible] |
| | လက်မှတ် | နေ့စွဲ ၂၀.၉.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် | [illegible] |
| | လက်မှတ် | နေ့စွဲ ၂၀.၉.၂၀၁၇ |

# ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | |
|---|---|
| *လမ်းညွှန်ချက်*။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဧဒါဝါဒစေတနာအဖွဲ့ | |
| နေ့စွဲ ၂၀ . ၉ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် [illegible] | ကျေးရွာအုပ်စု မဲကျွန်း / ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၉.၁၇ | ၂၀.၉.၁၇ | ၂၇ | ၁၈ | ၄၅ | ၄၅ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၉.၁၇ | ၂၀.၉.၁၇ | ၂၇ | ၁၈ | ၄၅ | ၄၅ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၁၀.၁၇ | ၂၂.၁၀.၁၇ | ၃ | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)


| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်စန္ဒာဝေ | | | | | |
| နေ့စွဲ 20.7.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပဲကုန်း | ကျေးရွာ ရေမြင့်ကုန်း | |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | နှစ်စဉ် မိုးဘေး အန္တရာယ် ရှိခြင်း | ၁ | နှစ်စဉ်ရေကြီးရေလျှံခြင်း |
| ၂ | မီးသတ်ကန် မရှိခြင်း | ၂ | ဆေးပေးခန်း မရှိခြင်း |
| ၃ | အိမ်ခြံမြေနေရာ ရှားပါးခြင်း | ၃ | လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်း |
| ၄ | ချေးငွေထောက်ပံ့မှု လုံလောက်စွာ မရရှိခြင်း | ၄ | မီးလင်းရန်အတွက်ငွေကြေးအခက်အခဲ |
| ၅ | နည်းပညာ အထောက်အပံ့ အားနည်းခြင်း | ၅ | နှစ်စဉ်မိုးဘေးအန္တရာယ်ရှိခြင်း |
| ၆ | အလုပ်အကိုင် ရှားပါးခြင်း ငွေကြေး မပြည့်စုံခြင်း | ၆ | |
| ၇ | ရွာချင်း ဆက်လမ်း မကောင်းခြင်း | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းကျောက်ချောလမ်းဖြစ်ရမည် | ၁ | ရွာတွင်းကွန်ကရစ်လမ်း ဖြစ်ရမည် |
| ၂ | ဆေးပေးခန်း ဖြစ်ရမည် | ၂ | လျှပ်စစ်မီးလင်းရမည် |
| ၃ | လျှပ်စစ်မီး လင်းရမည်. | ၃ | စာကြည့်တိုက်ရှိရမည် |
| ၄ | စာဖတ်ဝိုင်းအတွက်လျှပ်စစ်မီးရှိရမည်. | ၄ | အရေးပေါ်သုံးစက်လှေရှိရမည် |
| ၅ | ဆိုလာမီး ရှိရမည်. | ၅ | ဘုန်းတော်ကြီးကျောင်းရှိရမည် |
| ၆ | | ၆ | တရွာလုံးရေတွင်းရေကန်ပြည့်စုံရမည်. |
| ၇ | | ၇ | ကျန်းမာရေးအထောက်အပံ့ရရှိပါသည်. |



ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်ချောင်းကျောက်လမ်း | | ၄,၃၀၀,၀၀၀ | ၁၆၂ |
| ၂ | ရွာတွင်းချောင်းကျောက်လမ်း | | ၁,၂၀၀,၀၀၀ | ၁၆၂ |
| ၃ | ဆိုလာမီး | | ၅,၀၀၀,၀၀၀ | ၁၆၂ |
| ၄ | ဂါလံ(၃၀၀၀)ဆံ့ရေကန် | | ၂,၅၀၀,၀၀၀ | ၁၆၂ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |


င။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား | |
| ၂ | [illegible] | အမျိုးသမီး | |
| ၃ | [illegible] | အမျိုးသမီး | |
| ၄ | အသေးစားချေးငွေ | အမျိုးသမီး | |
| ၅ | [illegible] | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 20.9.17

[illegible] [signature] 20.9.17





# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - မဲကုန်း** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ မြေနီကုန်း** ` **ရက်စွဲ- 20-9-2017**

မဲကုန်းကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို **(20-9-2017 )** ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၇)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**( တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - မဲကုန်း** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - မြေနီကုန်း** **ရက်စွဲ - 20-9-2017**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (20-9-2017)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင် စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကျေးရွာကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြားအဆောက်အဦး | ၁။ | ရွာချင်းဆက်ချောင်းကျောက်လမ်း | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၂။ | ရွာတွင်းချောင်းကျောက်လမ်း | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၃ | ဆိုလာမီး | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၄။ | ဂါလံ(၃၀၀၀)ဆန့်ရေကန် | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အဟာ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | မ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |